လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ ဗဟိုကော်မတီ ညှိနှိုင်းအစည်းအဝေး(၁/၂၀၂၀) တွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်များ

(Draft)

နေပြည်တော်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ရုံးအမှတ်(၄) ၂၈ - ၁ - ၂၀၂၀

- ယနေ့အစည်းအဝေးသို့ ကြွရောက်လာကြသည့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီး၊ လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ ဗဟိုကော်မတီဝင်များဖြစ်သည့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ဆေးပညာပါမောက္ခများ၊ မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ သူနာပြုနှင့်သားဖွားကောင်စီ၊ မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်းနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့မှ တာဝန်ရှိသူများနှင့် တက်ရောက်သူများအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါကြောင်း၊
- ဝန်ကြီးဌာနမှ ဦးစားပေးဆောင်ရွက်လျက်ရှိသော လူနာဘေးကင်းလုံခြုံမှု (patient safety) ကိစ္စရပ်များအတွက် လုပ်ငန်းမဟာဗျူဟာများ၊ လုပ်ငန်းမူဘောင်နှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရန်အတွက် ယခုဗဟိုကော်မတီအစည်းအဝေး သည် အရေးကြီးပါကြောင်း၊
- ဝန်ကြီးဌာနအနေဖြင့် ယခုအချိန်ထိ လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ (၂)ကြိမ်ကျင်းပခဲ့ပြီး အဆိုပါ အလုပ်ရုံဆွေးနွေးပွဲမှ ထွက်ပေါ်လာသော ဆွေးနွေးအကြံပြုချက် (၂၀)ကိုလည်း ဦးစားပေးအဆင့်များ သတ်မှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- public health domain နှင့် clinical domain ကိုပီပြင်အောင် ဆောင်ရွက်နိုင်မည်ဆိုလျှင် health domain တစ်ခုလုံးအဆင်ပြေမည်ဖြစ်ကြောင်း၊ ယခုဗဟိုကော်မတီသည် clinical domain ကို ကောင်းမွန်အောင်လုပ်သည့် ကော်မတီဖြစ်သည့်အတွက် အလွန်အရေးကြီးသည့် ကော်မတီတစ်ခုဖြစ်ပါကြောင်း၊

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO) မှ လူနာဘေးကင်းလုံခြုံမှုကိစ္စရပ် လုပ်ငန်းများ၏အရေးကြီးမှုကို အဖွဲ့ဝင်နိုင်ငံများ အလေးအနက်ထား ဆောင်ရွက်နိုင်ရန်အတွက် (၂၀၁၉)ခုနှစ်၊ မေလတွင် ပြုလုပ်ခဲ့သော ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် WHA (72.6) ဖြင့် သန္နိဋ္ဌာန်ချက်ကို အတည်ပြုခဲ့ပါကြောင်း၊
- မိမိအနေဖြင့် လူနာဘေးကင်းလုံခြုံမှု(patient safety) ဆိုင်ရာကိစ္စအကြောင်းအရာများကို ဆေးတက္ကသိုလ်များ၊ သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်များ၊ ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်၊ ဆေးဝါးတက္ကသိုလ်များ၊ သူနာပြုတက္ကသိုလ်များ၊ သူနာပြုနှင့်သားဖွားသင်တန်း ကျောင်းများတို့၏ ဘွဲ့ကြိုနှင့် ဘွဲ့လွန် သင်တန်းများတွင် ထည့်သွင်းသင်ကြားသွားရမည်ဖြစ်ပါကြောင်း၊
- ကမ္ဘာ့နိုင်ငံအသီးသီးမှ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးများတက်ရောက်သည့် လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး (Global Ministerial Summit on Patient Safety) များကိုလည်း ကျင်းပပြုလုပ်ခဲ့ရာ ၂၀၁၉ ခုနှစ် အထိ (၄)ကြိမ် ကျင်းပပြုလုပ်ပြီးစီးခဲ့ပြီးဖြစ်ပါကြောင်း၊
- ယခုဗဟိုကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့ပြီး လုပ်ငန်းကော်မတီများလည်း ဆက်လက် ဖွဲ့စည်းဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ ကိစ္စရပ်များသည် ကြီးမားကျယ်ပြန့်ပြီး လူနာ၏ရောဂါရာဇဝင်ကို မေးမြန်းခြင်း၊ ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဓာတ်ခွဲ၊ ဓာတ်မှန်စမ်းသပ်ခြင်း၊ ကုသမှုပေးခြင်းတို့မှ သက်သာပျောက်ကင်းသည်အထိ ပါဝင်သက်ဆိုင်ပါကြောင်း၊
- ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ဝေထားသော လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ စာအုပ်များတွင်ပါဝင်သော အချက်အလက်များနှင့် လုပ်ငန်းလမ်းညွှန်များကိုလည်း မိမိတို့နိုင်ငံ၏ အခြေအနေအရပ်ရပ်နှင့်ကိုက်ညီစွာ မွမ်းမံ၍ အသုံးချဆောင်ရွက်စေလိုပါကြောင်း၊
- လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ လုပ်ငန်းလမ်းညွှန်များ၊ စံလုပ်ထုံးလုပ်နည်းများကိုလည်း ပြုစုခြင်းနှင့် မွမ်းမံပြင်ဆင်ခြင်းများ ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊

- ဝန်ကြီးဌာနရှိ ဆေးရုံများ၊ ဓာတ်ခွဲခန်းများ၊ သွေးလှူဘဏ်များစသည်တို့တွင် လူနာဘေးကင်းလုံခြုံမှုဆိုင်ရာ လက်ရှိအခြေအနေများကို အသုံးချသုတေသန ပုံစံပြုလုပ်ဆန်းစစ်ကာ ပိုမိုကောင်းမွန်စေရေး ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊
- ဆေးဝါးနှင့်ဆေးပစ္စည်းကိရိယာများ၊ ကုသမှုနည်းစနစ်များ ပိုမိုတိုးတက်ပြောင်းလဲလာသည်နှင့်အညီ လူနာဘေးကင်းလုံခြုံမှု ကိစ္စရပ်များသည်လည်း ပိုမိုကျယ်ပြန့်လာပြီး ပြောင်းလဲလာပါကြောင်း၊
- လူနာဘေးကင်းလုံခြုံရေးကိစ္စရပ်လုပ်ငန်းများ ဆောင်ရွက်သည့်အခါ မြန်မာနိုင်ငံဆရာဝန်အသင်းရှိ ဆေးပညာဘာသာရပ်အဖွဲ့များ၊ ဆေးနှင့်ဆေးနှီးနွယ်အဖွဲ့အစည်းများအားလုံးတို့နှင့် လက်တွဲပူးပေါင်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့ပါသည်။